

# “အနက်ရောင်ဒဏ္ဍာရီ ။ ။ ဝူခုံး”သည် ဂိမ်းတစ်ခုသာမကပါ

ဩဂုတ် ၂၀ ရက်တွင် တရုတ်ဒဏ္ဍာရီပုံပြင် “အနောက်သို့ ခရီးသွားမှတ်တမ်း”ကို နောက်ခံထားသည့် တိုက်ခိုက်ရေး ကိုယ်တိုင်ထိန်းချုပ်ကစားရသည့်ဂိမ်း “အနက်ရောင်ဒဏ္ဍာရီ ။ ။ ဝူခုံး” (Black Myth: Wukong) ကို တစ်ကမ္ဘာလုံးတွင် တစ်ချိန်တည်း ထုတ်ပြန်ခဲ့ပါသည်။ ထို့နေ့ညတွင် ဤဂိမ်းသည် ဂိမ်းပလက်ဖောင်း team ပေါ်တွင် တစ်ချိန်တည်း လိုင်းပေါ်တွင်ကစားသည့် လူဦးရေ နှစ်သန်းကျော်ခဲ့ပြီး ဤပလက်ဖောင်း၏ တစ်ချိန်တည်းလိုင်းပေါ်တွင် ကစားသည့်လူဦးရေ ဒုတိယအများဆုံးဂိမ်း ဖြစ်လာခဲ့သည်။ ဂိမ်းထုတ်ပြန်ပြီးနောက် ကစားသူများ၏ ကြိုက်နှစ်သက်မှုများစွာ ရရှိခဲ့ပြီး ဤထူးခြားအံ့ဖွယ်ကောင်းသည့်ဂိမ်းသည် တရုတ်နိုင်ငံထုတ် 3A ဂိမ်း (အများအားဖြင့် ရင်းနှီးမှုမြင့်မားသော၊ ပဏာမကြီးမားသော၊ အရည်အသွေးမြင့်မားသော တစ်ဦးကစားဂိမ်းလက်ရာကို ဆိုလိုသည်)၏ အစကနဦးကို ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း တင်စားကြပါသည်။ ယခုအပတ်စဉ်တွင် ကျွန်ုပ်တို့သည် ပရိသတ်ကြီးများနှင့်အတူ “ကျမ်းစာပင့်ဆောင်ခြင်း”လမ်းကို လျှောက်လှမ်း၍ တရုတ်ရိုးရာယဉ်ကျေးမှု၏ အလှတရားကို ခံစားကြမည် ဖြစ်သည်။

## “ကျမ်းစာပင့်ဆောင်ခြင်း”လမ်းကို လျှောက်လှမ်းခြင်း

“အနောက်သို့ ခရီးသွားမှတ်တမ်း”သည် တရုတ်နိုင်ငံ ဂန္ထဝင်စာအုပ်ကြီးလေးအုပ်ထဲမှ တစ်အုပ်ဖြစ်ပြီး ဘုန်းတော်ကြီးထန်သည် စွန်းဝူခုံး၊ ကျူးပါးကျဲ၊ ရှားဝူကျင်းတို့ကို ဦးဆောင်၍ အနောက်ဘက်သို့ ကျမ်းစာပင့်ဆောင်သည့်လမ်းတွင် အခက်အခဲပေါင်း ၈၁ ခုကို ဖြတ်ကျော်ကာ နောက်ဆုံးတွင် ကျမ်းစာအစစ်အမှန်ကို ပင့်ဆောင်နိုင်ခဲ့သည့် အကြောင်းအရာများကို ရေးသားထားခြင်း ဖြစ်ပါသည်။ မူရင်းစာအုပ်ကို အရင်းတည်ရိုက်ကူးထားသည့် ဇာတ်လမ်းတွဲများ၊ ရုပ်ရှင်များသည် တရုတ်နိုင်ငံတွင် လူတိုင်းသိရှိကြပြီး ၎င်းတို့ထဲတွင် စွန်းဝူခုံး၏ ပုံရိပ်သည် အမြဲရှင်သန်နေသဖြင့် ယနေ့ခေတ် “အနောက်သို့ခရီးသွားခြင်း ယဉ်ကျေးမှု” ၏ အဓိကအကြောင်းအချက် ဖြစ်လာခဲ့သည်။

ယခုအကြိမ်တွင် ဤ“စွန်းဝူခုံး”ကို လွှတ်ပေးလိုက်သူမှာ ဂိမ်းသိပ္ပံနည်းပညာ၏ စွန့်ဦးတီထွင်သူနှင့် CEO ဖြစ်သူ ဖုန်ယိ ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် ဂိမ်းသိပ္ပံနည်းပညာ၏ စွန့်ဦးတီထွင်အဖွဲ့သည် “အနက်ရောင်ဒဏ္ဍာရီ ။ ။ ဝူခုံး”စီမံကိန်းကို အတည်ပြုခဲ့ပြီး ထိုအချိန်မှစတင်ကာ ဤတရုတ်နိုင်ငံထုတ် 3A ဂိမ်း၏ “မြေလွတ်မြေရိုင်း ဖော်ထုတ်ရေးလမ်း”ကို စတင်လျှောက်လှမ်းခဲ့ပါသည်။

“ကျမ်းစာ ပင့်ဆောင်ခြင်းလမ်းကို လျှောက်လှမ်းရတာက သိဂ္ဂတ္တရတောင်ကို ရောက်ရှိတာထက် ပိုအရေးကြီးပါတယ်။” ဖုန်ယိက “ဒီစကားက ‘အနောက်သို့ခရီးသွားမှတ်တမ်း ’ရဲ့ အနှစ်သာရကို ထုတ်ဖော်ရုံတင်မကဘူး ကျွန်တော်တို့ဒီဂိမ်းကို ပြုလုပ်တဲ့ အဓိကအတွေးအခေါ်လည်း ဖြစ်ပါတယ်”ဟု ဆိုသည်။ အပြင်လောကအနေနှင့် ကြည့်မည်ဆိုလျှင် သူညမှစ၍ ဤတရုတ်နိုင်ငံထုတ် 3A ဂိမ်း တီထွင်ထုတ်လုပ်ခြင်းသည် စိတ်ကူးယဉ်ဝါဒသမားတစ်အုပ်၏ အတင့်ရဲသော စမ်းသပ်မှုတစ်ခုနှင့် တူနေသော်လည်း ဖုန်ယိသည် “လက်တွေ့ကျသော စိတ်ကူးယဉ်ဝါဒသမား”ဖြစ်လာနိုင်ရန် ပို၍မျှော်လင့်ထားပါသည်။

ဂိမ်းတီထွင်ထုတ်လုပ်သည့် လုပ်ငန်းစဉ်အတွင်း ထုတ်လုပ်ရေးအဖွဲ့သည် နည်းပညာ၊ ရုပ်ပုံ၊ ကစားသည့်ပုံစံနှင့် စီးပွားရေးလုပ်ငန်းပိုင်းများတွင် အောင်မြင်မှုအရှိဆုံးသော နိုင်ငံခြားမှ ထုတ်ကုန်များအား စံနှုန်းထား၍ နိုင်ငံခြားမှ ထူးချွန်ထုတ်ကုန်များနှင့် ကွာခြားချက်ကို မပြတ်ရှာဖွေခဲ့ပါသည်။ ဖုန်ယိက “အကောင်းဆုံးသော အရည်အသွေးပိုင်း၊ နည်းပညာပိုင်းနဲ့ ရုပ်ပုံစံနှုန်းပိုင်းတွေက ကျွန်တော်တို့က ကမ္ဘာ့အဆင့်အရည်အသွေးကို အသုံးချပြီး တရုတ်ပုံပြင်ကို ပြောပြထားပါတယ်”ဟု ပြောသည်။

ဖုန်ယိက “အနက်ရောင်ဒဏ္ဍာရီ ။ ။ ဝူခုံး”၏ “နာမည်ကျော်လာမှု”သည် ဖုန်ယိအနေနှင့် စမှတ်တစ်ခုသာဖြစ်ပြီး “ကောင်းမွန်တဲ့ အကြောင်းအရာထုတ်ကုန်က ဒေသတွင်းယဉ်ကျေးမှုအုပ်စုကို အရင်ဦးဆုံးဆွဲဆောင်ပါတယ်။ တကယ်လို့ အရည်အသွေးက မြင့်မားတယ်ဆိုရင် နိုင်ငံရပ်ခြားကို အလိုအလျောက်ရောက်ရှိသွားမှာပါ”ဟု ပြောသည်။

## ဝူခုံးနှင့်အတူ ရှေးဟောင်းအဆောက်အအုံများ ကြည့်လိုက်ရအောင်

“အနက်ရောင်ဒဏ္ဍာရီ ။ ။ ဝူခုံး”ကို နာမည်ကျော်လာစေသည့် နောက်ကွယ်တွင် များပြားလှသော တရုတ်ယဉ်ကျေးမှု အကြောင်းအချက်များ ပေါင်းစပ်ထားမှုလည်း ရှိနေပါသည်။ နိုင်ငံအသီးသီးမှ ကစားသူများသည် ဂိမ်းထဲတွင် များပြားလှသော တရုတ်နိုင်ငံတွင်သာရှိသည့် ရှေးဟောင်းကျောင်းတော်များ၊ မုခ်ဦးများ၊ ကျောက်လိုဏ်ဂူများ၊ နန်းဆောင်များ စသည်တို့ကို တွေ့မြင်ခဲ့ရသည်။ မိတ်ဆက်ပေးမှုအရ ဂိမ်းထဲမှ ရှုခင်းနေရာများထဲတွင် ရှန်းရှီးပြည်နယ်မှ အကြောင်းအရာများ များပြားစွာပါရှိနေကြောင်း သိရှိရသည်။ ရှန်းရှီးပြည်နယ်သည် တရုတ်ရိုးရာသစ်သားဖွဲ့စည်းပုံ ရှေးဟောင်းအဆောက်အအုံများ၏ ရတနာသိုက်ကြီးတစ်ခုဖြစ်ပြီး ၂.၈ သောင်းသော ရှေးဟောင်းအဆောက်အအုံနေရာများရှိကာ “မြေပြင်ပေါ်က ယဉ်ကျေးမှုဆိုပါက ရှန်းရှီးကိုကြည့်ပါ”ဟူ၍ တင်စားခံစားရသည်။

ရှန်းရှီးပြည်နယ် ကျင့်ချိန်မြို့ မိုးသိကြားဘုံကျောင်းသည် နှစ် ၁၀၀၀ ကျော် သမိုင်းကြောင်း ရှိပါသည်။ “သိပ်လှတာပဲ” ကျင့်ချိန်မြို့ မိုးသိကြားဘုံကျောင်း ရှုခင်းသားတွင် ယခုရက်ပိုင်းအတွင်း ဝူခုံးနှင့်အတူ ခရီးလိုက်ပါလာကြသည့် များပြားလှစွာ ခရီးသွားများ ရောက်ရှိလာကြသည်။ အသက်ဝင်လှသည့် ယွမ်ခေတ်ဆေးရောင်စုံရုပ်တုများကိုကြည့်၍ အံ့ဩဘနန်းဖြစ်ခဲ့ကြပါသည်။

ကွမ်တုန်းပြည်နယ်မှလာသည့် အနုပညာကျောင်းဆရာတစ်ဦးဖြစ်သော လီရှင့်ဟန်သည် မိုးသိကြားဘုံကျောင်း၏ တံခါးမကြီးမှ ဝင်ရောက်လာလိုက်သည်နှင့် လွန်စွာအံ့အားသင့်သွားရသည်။ လီရှင့်ဟန်က“အနက်ရောင်ဒဏ္ဍာရီ ။ ။ ဝူခုံး”ကြောင့် ကျင့်ချိန်မြို့ မိုးသိကြားဘုံကျောင်းကို ကျွန်တော်သတိပြုခဲ့မိလို့ နွေရာသီကျောင်းပိတ်ရက်မှာ အထူးတလည် လာရောက်ကြည့်ရှုတာပါ။ တကယ့်ကို နာမည်နဲ့လိုက်ဖက်ပါတယ်။ ရိုးရာယဉ်ကျေးမှုအပေါ် အသိပညာသစ်တွေ ကျွန်တော့်ကို ရရှိစေခဲ့ပါတယ်”ဟု ပြောပြသည်။

ဂိမ်း၏ နာမည်ကျော်ကြားလာမှုသည် ကစားသူများကို တရုတ်နိုင်ငံ၏ သမိုင်း၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအဆောက်အအုံများအပေါ် သိလိုစိတ်များ ဖြစ်လာစေခဲ့ပြီး “ကစားသူများ၏ ခြေရာများကို လိုက်၍ တရုတ်နိုင်ငံ၏ ရှေးဟောင်းအဆောက်အအုံများ၏ အလှနှင့် ယဉ်ကျေးမှု၏ ကောက်ကြောင်းများကို လက်တွေ့ခံစား သိရှိနိုင်စေဖို့” မျှော်လင့်ပါသည်။

